ဓမ္မန္တရာယ်(၁၀)ပါး (သို့) အရိယူပဝါဒကံ(၁၀)ပါး

အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်ကို၊ ပြောတတ်ပြစ်ဆို၊အညစ်ပိုရှု၍၊ မလိုရန်ငြိုး၊ ထိုသူမျိုးနှင့်၊

ဆယ်မျိုးပြစ်ဒဏ် ရမြဲမှန်ခဲ့

၁။ သွေးအန်ဖြစ်လွယ်

၂။ ရောင်းဝယ်ရှုံးခြင်း

၃။ ချို့ယွင်းအင်္ဂါ

၄။ ကုဋ္ဌနူနာ

၅။ ရူးကြဖောက်ပြန်

၆။ မင်းဒဏ်သင့်ခမ်း

၇။ ကြမ်းတမ်းစွပ်စွဲ

၈။ သေကွဲသားခြင်း

၉။ ပျက်ခြင်းစည်းစိမ်

၁၀။ နေအိမ်မီးလောင်

ဒုက္ခဆောင်သည်၊ လူ့ဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သေခါမလွဲ၊ ပါယ်ငရဲဝယ်၊ ကမ္ဘာစွဲခဲ့၊ ရောက်ဆဲလူ့ပြည်

တက်ပြန်လေသော်၊ ကျက်သရေမွဲ၊ မဂ်ဖိုလ်လွဲ၍၊ အမြဲကြမ္မာ၊ ဝဋ္ဋကြောင်းပါသည် ရောင်ရန်ဓမ္မ

အန္တရာယ်တည်း။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)